# မြန်မာဝတ္ထုတိုများမှအပြောနှင့်အပြ
# (၁၉၈၀–၁၉၉၀)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မခင်မာသန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ကျမ်းအမည်မှာ 'မြန်မာဝတ္ထုတိုများမှ အပြောနှင့်အပြ (၁၉၈၀–၁၉၉၀) ဖြစ်ပါသည်။ (၁၉၈၀–၁၉၉၀) တွင် ထုတ်ဝေခဲ့သောမဂ္ဂဇင်းများမှ မြန်မာဝတ္ထုတိုများ၏ အပြောနှင့် အပြတန်ဖိုးကို ချင့်တွက်ပြရန် စာရေးသူတစ်ဦးနှင့်တစ်ဦး အတွေးတူပြီး အပြော၊ အပြမတူပုံများ၊ ခေတ်အမြင်၊ ခေတ်အတွေးကို မီးမောင်းထိုးပြနေမှုများကို သုတေသနပြုရန် ရည်ရွယ်ပါသည်။ ၁၀–နှစ်အတွင်း မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများမှ အပြောအပြသည် မည်သည့်အကြောင်းကို ဓောင်းပေးဖော်ပြနေသည်ကို စူးစမ်းရှာဖွေပါသည်။ ထိုသို့ရှာဖွေသောအခါ ရှုထောင့်သည် အလွန်အရေးပါကြောင်း လေ့လာတွေ့ရှိရသည်။ ရှုထောင့်ပေါ်မူတည်၍ အပြောအပြ သတ်မှတ်ချက်များ ပြောင်းသွားသည်။ ဝတ္ထုတိုတစ်ပုဒ်ချင်းကို အသေးစိတ်လေ့လာတင်ပြထားသောကြောင့် သစ်တစ်ပင်ချင်းစီမှ တောအုပ်တစ်ခုလုံးကို ခြုံငုံမြင်နိုင်သလို ထိုခေတ်မြန်မာဝတ္ထုတိုလောကကို မြင်ခွင့်ရလာပါသည်။ ထိုခေတ်က ခေတ်ပြိုင်စာရေးဆရာတို့သည် မည်သည့်အကြောင်းကို အများဆုံးပြောကြသနည်းဟူသော မေးခွန်း၏ အဖြေကို တွေ့နိုင်သည်။ စရိုက်ပေါ်အောင် ရေးဖွဲ့ကြသောအခါ ပြန်ပြောပြနည်း (narration)၊ ပုံဖော်ရေးနည်း(description)၊ မြင်ကွင်းတင်ပြရေးနည်း (secence)ဟူ၍ သုံးမျိုးရှိပါသည်။ တချို့က ပုံဖော်ရေးနည်းနှင့် မြင်ကွင်းတင်ပြရေးနည်းကို သီးသန့်မခွဲခြားပေ။ တစ်ချို့က ပြောစကားနှင့် စကားအခြေအတင်ပြောခန်းကို စတုတ္ထအမျိုးအဖြစ် ပြကြသည်။ ထိုလေးမျိုးထဲမှ ပြန်ပြောရေးနည်းသည် အပြောနည်းဖြစ်ပြီးပုံဖော်ရေးနည်းသည် အပြနည်းဖြစ်ပေသည်။ ထိုသို့ ရေးရာတွင် ဇာတ်ဆောင်နှင့်သာတိုက်ရိုက်သက်ဆိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထပ်မံ၍ အသေးစိတ်လိုက်သောအခါ အပြောကြားမှအပြနှင့် အပြကြားမှ အပြောများကို တွေ့လာရပါသည်။ ဝတ္ထုတိုများတွင် ပါဝင်သော အကြောင်းအရာများက မိဘမေတ္တာကို တန်ဖိုးထားသင့်ကြောင်း၊ ကျေးဇူးတရားကို သိတတ်စေလိုကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်သင့်ကြောင်း၊ အမျိုးပျောက်မှာ စိုးကြောက်လှကြောင်း၊ အခြေခံလူတန်းစားတို့၏ ဘဝကို စာနာစိတ်နှင့် ကြည့်သင့်ကြောင်း စသည့် အချက်တို့ ပါဝင်နေသည်။ ထိုအချက်က မိမိနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် များစွာကိုယ်စားပြုအကျိုးသက်ရောက် နေပါသည်။ ပြောင်းလဲတိုးတက်လာသော ဝတ္ထုတိုသဘောတရားများနှင့် ဖွံ့ဖြိုးမှုအဆင့်ဆင့်က မြန်မာ စာပေနှင့် မြန်မာဘာသာစကားအတွက် တစ်စုံတစ်ရာ အထောက်အကူပြုနိုင်မည်ဟုယုံကြည်ပါသည်။